INTERNATIONAL ENTERPRISE SINGAPORE

# စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု

ကမ္ဘာအဆင့် သဘာဝပတ်ဝန်းကျင်ရေးရာနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်လုပ်ငန်းများ



Singapore

Driving Singapore's External Economy

**ကမ္ဘာတစ်ခွင်လုံး၌ မြို့ပြနေလူဦးရေ အလျှင်အမြန်မြင့်တက်လာသည်နှင့်အမျှ မြို့တော်ကြီးများ သန့်ရှင်းရေး၊ ရေရှည်တည်တံ့ရေးနှင့် ပိုမို၍နေချင်စဖွယ်ဖြစ်ရေး တို့ကို ပိုမိုအာရုံပြုလာကြသည်။** စင်ကာပူနိုင်ငံသည် အထက်ပါ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရေးအတွက် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအဆင့်မြင့် နည်းပညာများနှင့် မဟာဗျူဟာများအား ဖော်ထုတ်အသုံးချနေပြီဖြစ်သည်။

စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနည်းပညာသစ်များအတွက် စင်ကာပူအခြေစိုက်ကုမ္ပဏီများက ရှေ့တန်းမှ ဦးဆောင်လျက်ရှိပြီး ၎င်းတို့၏ ဖြေရှင်းချက်များကိုပေးရန် ကမ္ဘာတစ်ဝန်းလုံးမှ လုပ်ဖော်ကိုင်ဖက် ကုမ္ပဏီများနှင့် ဆက်လက်၍ လက်တွဲဆောင်ရွက်လျက်ရှိသည်။

## ခေတ်မီသော လက်တွေ့ဆောင်ရွက်ချက်များ

မြေဧရိယာ အကန့်အသတ်ရှိမှုနှင့် လူဦးရေထူထပ်မှုတို့ကြောင့် စင်ကာပူနိုင်ငံအတွက် စွန့်ပစ်ပစ္စည်းများ စုဆောင်းရေးနှင့် ရှင်းလင်းရေးတို့အတွက် ထိရောက်သော စနစ်တစ်ရပ်ရှိ အရေးကြီးသည်။ ဤလိုအပ်ချက်ပြည့်မီရန်အတွက် စင်ကာပူနိုင်ငံသည် မြေနေရာအသုံးချရမှုကို အနည်းဆုံးပမာဏအထိ လျှော့ချပေးနိုင်မည့် ခေတ်မီ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ်တစ်ရပ် ထူထောင်ရသည်။

စင်ကာပူနိုင်ငံ၌ ထွက်ရှိသမျှ စွန့်ပစ်ပစ္စည်းများ၏ ၉၂ ရာခိုင်နှုန်းကို မီးရှို့ဖျက်ဆီးပြီး ကျန်ရှိသမျှအား ကမ္ဘာပေါ်တွင် တစ်ခုတည်းသာရှိသော ကမ်းလွန်ရေပြင် အမှိုက်ပုံသို့ ပို့ဆောင် စွန့်ပစ်သည်။ စင်ကာပူနိုင်ငံ၏ စွန့်ပစ်ပစ္စည်း မီးရှို့ဖျက်ဆီးရေးစက်ရုံ လေးရုံတို့က မြေပြင်ကို ထိရောက်စွာ အသုံးချနိုင်သော စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနည်းလမ်း တစ်ရပ်အဖြစ် တည်ရှိနေသည်။ ယင်းအပြင် အဆိုပါစက်ရုံလေးရုံမှ စင်ကာပူနိုင်ငံ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက် သုံးရာခိုင်နှုန်းကို ဖြည့်ဆည်းပေးလျက်ရှိသည်။

ခြုံကြည့်လျှင် စင်ကာပူနိုင်ငံ၏ ဘက်စုံစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ်သည် ကောက်ယူ စုဆောင်းခြင်း၊ ပြန်လည်အသုံးချခြင်းနှင့် ပြုပြင်အသုံးချခြင်းဟူသော နယ်ပယ်သုံးရပ်အပေါ် အဓိကထားသည်။

စင်ကာပူနိုင်ငံ၏ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ် ရေရှည်တည်တံ့ရေးအတွက် ပင်မ မဟာဗျူဟာများတွင် အောက်ပါအချက်များတို့ပါဝင်သည်။

- စွန့်ပစ်ပစ္စည်း ထုတ်လုပ်မှု လျှော့ချခြင်း၊ ထပ်မံအသုံးပြုခြင်း၊ ပြန်လည်အသုံးချနိုင်သည့် ဖန်တီးထုတ်လုပ်ခြင်း (စင်ကာပူနိုင်ငံ၏ စွန့်ပစ်ပစ္စည်း ပမာဏ ၅၀ ရာခိုင်နှုန်းကျော်ကို ပြန်လည်အသုံးပြုသည်။)
- အမှိုက်ဖြင့်မြေဖို့ခြင်း လုံးဝမပြုလုပ်ရေးအတွက် တွန်းအားပေးဆောင်ရွက်ခြင်း
- စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာ စက်မှုလုပ်ငန်းကို တည်ဆောက်ခြင်းနှင့် ဒေသတွင်းတွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု နည်းပညာအတွက် စင်ကာပူနိုင်ငံကို ဗဟိုဌာနတစ်ခုအဖြစ် လုပ်ဆောင်ရေး




**Senoko စွန့်ပစ်ပစ္စည်းမှ စွမ်းအင်အဖြစ် ပြောင်းလဲရေးစက်ရုံ-စင်ကာပူ**
Keppel ဘက်စုံအင်ဂျင်နီယာ နည်းပညာကုမ္ပဏီ (KIE) က ပိုင်ဆိုင်လည်ပတ်သည့် Senoko စွန့်ပစ်ပစ္စည်းမှ စွမ်းအင်ထုတ်လုပ်ရေး စက်ရုံသည် စွန့်ပစ်ပစ္စည်းတန်ချိန် ၂၄၀၀ အား နေ့စဉ် ပြုပြင်သန့်စင်ပေးကာ လျှပ်စစ်ဓာတ်အား ၅၅ မဂ္ဂါဝပ်ကျော်ကို ထုတ်လုပ်ပေးလျက်ရှိသည်။ Keppel Seghres Tuas စွန့်ပစ်ပစ္စည်း အသုံးပြု စွမ်းအင်ထုတ်လုပ်မှုစက်ရုံနှင့်အတူ စင်ကာပူနိုင်ငံ၏ မီးရှို့ဖျက်ဆီးရမည့် အမှိုက်ပမာဏ ၄၇ ဒသမ ၆ ရာခိုင်နှုန်းကို KIE က သန့်စင်ပြုပြင်ပေးနိုင်စွမ်းရှိသည်။




**ဇီဝဒြပ်ထည် လျှပ်စစ်နှင့် အပူစွမ်းအင်ထုတ် စက်ရုံ-စင်ကာပူ**
စင်ကာပူနိုင်ငံ ecoWise ဇီဝဒြပ်ထည် လျှပ်စစ်နှင့်အပူစွမ်းအင်ထုတ်စက်ရုံတွင် စွမ်းအင်ပြန်လည် ရရှိရေးဆောင်ရွက်မှုများမှ ထွက်ပေါ်လာသော ကာဗွန်များကို ဂျပန်နိုင်ငံ Kansai Electric ကုမ္ပဏီသို့ ရောင်းချခဲ့သည်။

၁၂၀၀၈ ခုနှစ်တွင် နိုင်ငံတစ်ဝန်းလုံးမှ ထွက်ရှိခဲ့သော စွန့်ပစ်ပစ္စည်းတန်ချိန် ၂ ဒသမ ၄၅ သန်းကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်နှင့်ရေအရင်းအမြစ်ဝန်ကြီးဌာနကဆိုသည်။



**Semakau ဖို့မြေအမှိုက်ပုံ-စင်ကာပူ**
စင်ကာပူနိုင်ငံ၏ တောင်ဘက် ၈ ကီလိုမီတာအကွာတွင် တည်ရှိပြီး ဟက်တာ ၃၅၀ ကျယ်ဝန်း သော Semakau ဖို့မြေအမှိုက်ပုံသည် လုံးဝပင်လယ်ရေပြင်တွင်ဖန်တီးထားသည့် ကမ္ဘာ့ပထမဦးဆုံး ကမ်းလွန်ရေပြင်အမှိုက်ပုံ ဖြစ်သည်။ သစ်ပင်များ စိုက်ပျိုးခြင်း၊ မြေယာရှုခင်း ပြုပြင်ပေးထားခြင်းတို့ကြောင့် Semakau အနောက်ဘက် ကမ်းရိုးတန်းဒေသသည် စွန့်ပစ်ပစ္စည်းထားရှိရာ ဒေသတစ်ခုအဖြစ်သာမက ရှုခင်းရှုကွက် သာယာလှပ၍ သဘာဝမပျက်သော ရေထု၊ လတ်ဆတ်သော လေထုတို့ကို ပိုင်ဆိုင်ထားပြီး ဇီဝမျိုးစုံမျိုးကွဲများ ပေါများကြွယ်ဝရာ စိမ်းလန်းသည့် သဘာဝပတ်ဝန်းကျင်အဖြစ် ရှိနေသည်။




**ပြည်တွင်း အစိုင်အခဲစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဗဟိုဌာန။ ကာတာ**
ပြည်တွင်း အစိုင်အခဲ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဗဟိုဌာနသည် အရှေ့အလယ်ပိုင်းဒေသ၏ ပထမဆုံးသော စွန့်ပစ်ပစ္စည်း ဘက်စုံစီမံခန့်ခွဲမှုစက်ရုံအဖြစ် ကာတာနိုင်ငံတစ်ဝန်းလုံး၏ အစိုင်အခဲ စွန့်ပစ်ပစ္စည်းများ ပြဿနာကို ကိုင်တွယ်ဖြေရှင်း၍ ပြုပြင်သန့်စင်ပေးမည်ဖြစ်သည်။

## သီးခြား လိုအပ်ချက်များအရ ပြောင်းလဲလာသော ဖြေရှင်းချက်များ

စက်ာပူတွင်ရရှိသည့် အတွေ့အကြုံများကို အခြေပြု၍ ဒေသခံကုမ္ပဏီများသည် ကမ္ဘာတစ်ဝန်းလုံးမှ ဖောက်သည်များထံသို့ ကုန်ကျစရိတ်ထိရောက်မှုရှိပြီး တန်ဖိုးဖြည့်စွက်ပေးသည့် ဝန်ဆောင်မှုများကို ဘက်ပေါင်း စုံလင်စွာ ပေးအပ်လျှက်ရှိသည်။ စင်ကာပူနိုင်ငံ၏ စွမ်းဆောင်ရည်များကို ထုတ်ယူရန် ကြိုးပမ်းနေသော ကုမ္ပဏီများသည် ဖောက်သည်များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် အတွေ့အကြုံရင့်ကျက်သော နိုင်ငံတကာ လုပ်ဖော်ကိုင်ဖက်များကို ရှာဖွေတွေ့ရှိကြမည်ဖြစ်သည်။

စင်ကာပူအခြေစိုက် ကုမ္ပဏီများသည် စွန့်ပစ်ပစ္စည်း ကောက်ယူစုဆောင်းမှုနှင့် ပြန်လည်အသုံးချ မှုမှသည် စွန့်ပစ်ပစ္စည်းသန့်စင်မှု၊ စွမ်းအင်ပြန်လည်အသုံးချမှုနှင့် အမှိုက်ပုံစီမံခန့်ခွဲမှုအထိပါဝင်သော စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုလုပ်ငန်း တန်ဖိုးကွင်းဆက်တစ်ခုလုံးတွင် လည်ပတ်လုပ်ဆောင်လျှက်ရှိကြသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်နှင့် ရေရှည်တည်တံ့သည့် ဖြေရှင်းချက်များကို ထိရောက်စွာလုပ်ဆောင်နိုင်ရန်အတွက် စင်ကာပူ ကုမ္ပဏီများမှ ဘက်စုံဝန်ဆောင်မှုများကို ပေးအပ်လျှက်ရှိသည်။

စင်ကာပူ အခြေစိုက်ကုမ္ပဏီများ ပါဝင်ဆောင်ရွက်လျက်ရှိသော ပြည်ပစီမံကိန်းများ၏ နမူနာများမှာ အောက်ပါအတိုင်းဖြစ်သည်။

- **ecoWise:** ecoWise ကုမ္ပဏီက အပြည့်အဝ ပိုင်ဆိုင်ထားသည့် လုပ်ငန်းခွဲတစ်ခုဖြစ်သော Bee Joo Industries Pte Ltd သည် သန့်ရှင်းသော ဖွံ့ဖြိုးတိုးတက်မှု ယန္တရားစီမံချက်တစ်ရပ်ကို အောင်မြင်စွာ မှတ်ပုံတင်နိုင်ခဲ့သည့် ပထမဆုံးစင်ကာပူအခြေစိုက်ကုမ္ပဏီတစ်ခုဖြစ်ပြီး စွန့်ထုတ်ဓါတ်ငွေ့ လျှော့ချရေး ဝယ်ယူမှု သဘောတူညီချက်ကို အပြီးသတ် ရယူနိုင်ခဲ့သော ကုမ္ပဏီလည်းဖြစ်သည်။ စင်ကာပူနိုင်ငံတွင်ဇီဝဒြပ် လျှပ်စစ်နှင့် အပူစွမ်းအင် ထုတ်လုပ်ရေးစက်ရုံမှ ထွက်ရှိသော ကာဗွန်များကို ဂျပန်နိုင်ငံ Kansai Electric ကုမ္ပဏီသို့ ရောင်းချလျက်ရှိသည်။ ecoWise ကုမ္ပဏီသည် စင်ကာပူ၊ တရုတ်နှင့် မလေးရှားနိုင်ငံတို့တွင် မြို့ပြစွန့်ပစ်ပစ္စည်းများ ပြန်လည်အသုံးချရေးနှင့် ကာဗွန်ထုတ်လုပ်နိုင်သည့် ဇီဝဒြပ် လျှပ်စစ်ဓာတ်အား စီမံကိန်းများကို အကောင်အထည်ဖော်ခဲ့ပြီးဖြစ်သည်။
- **Keppel Seghers:** ယင်းကုမ္ပဏီသည် အရှေ့အလယ်ပိုင်းဒေသ၏ ပထမဦးဆုံး စွန့်ပစ်ပစ္စည်း ဘက်စုံစီမံခန့်ခွဲမှုစက်ရုံအဖြစ် ကာတာနိုင်ငံ၌ ပြည်တွင်း အစိုင်အခဲ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု ဗဟိုဌာနကို ပုံစံထုတ် တည်ဆောက်လျှက်ရှိသည်။ ယင်းဗဟိုဌာနသည် ကာတာနိုင်ငံ တစ်ဝန်းလုံးအတွက် ပြည်တွင်းမှထွက်ရှိသော အစိုင်အခဲ စွန့်ပစ်ပစ္စည်းများကို ကိုင်တွယ်ဖြေရှင်း ပြုပြင်သန့်စင်ပေးမည်ဖြစ်သည်။

## International Enterprise Singapore

International Enterprise (IE) Singapore သည် စက်ာပူနိုင်ငံ၏ ပြင်ပ စီးပွားရေးကို တွန်းအားပေးသည့် အစိုးရ အေဂျင်စီဖြစ်သည်။ ကျွန်ုပ်တို့သည် စက်ာပူ အခြေစိုက် ကုမ္ပဏီများ၏ နိုင်ငံရပ်ခြားဖွံ့ဖြိုးတိုးတက်မှုကို ဦးဆောင်ဦးရွက်ပြုပြီး နိုင်ငံတကာ ကုန်သွယ်မှုကို မြှင့်တင်ပေးသည်။

ထွက်ပေါ်လာနေသည့် ဈေးကွက်များစွာကို ဖြန့်ကြက်လျက် နေရာပေါင်း ၃၅ ခုကျော်တွင်ရှိသည့် ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်တစ်ခုဖြင့် ကျွန်ုပ်တို့သည် ၎င်းတို့၏ စီးပွားရေးလုပ်ငန်း ချဲ့ထွင်မှုအတွက် သက်ဆိုင်ရာ စက်ာပူအခြေစိုက်ကုမ္ပဏီများအား စီးပွားရေးလုပ်ငန်းများနှင့် ဆက်သွယ်ပေးသည်။ အရည်အသွေးနှင့် တီထွင် ဆန်းသစ်မှုအတွက် ၎င်းတို့၏နှစ်မြှုပ်လုပ်ဆောင်မှုကြောင့် ကမ္ဘာတွင် ကျော်ကြားမှုက စက်ာပူအခြေစိုက်ကုမ္ပဏီများအား အကောင်းဆုံး စီးပွားဖက်များ ဖြစ်စေသည်။

ကျွန်ုပ်တို့သည် စက်ာပူအခြေစိုက်ကုမ္ပဏီများနှင့်ပူးပေါင်း၍အာရှတွင်နိုင်ငံခြား စီးပွားရေး လုပ်ငန်းများကျယ်ပြန့်လာစေရန် စက်ာပူကို အခြေစိုက်စခန်းတစ်ခုအဖြစ်လည်း ထားရှိပါသည်။ စက်ာပူနိုင်ငံ၏ မဟာဗျူဟာကျသော တည်နေရာကြောင့် တမူထူးခြားသည့် အကျိုးကျေးဇူးများ၊ တည်ငြိမ်သည့် အစိုးရ၊ ယှဉ်ပြိုင်နိုင်သည့် လုပ်သားအင်အားနှင့် စီးပွားရေးလုပ်ငန်းကို အထောက်အကူပြုသည့် ပတ်ဝန်းကျင်တို့က ၎င်းကို ဒေသ၏ စံပြစတင်ရာနေရာတစ်ခု ဖြစ်စေသည်။

ပိုမိုသိရှိလိုပါက **www.iesingapore.com** ကို ဝင်ရောက်ကြည့်ရှုပါ။

**ကျွန်ုပ်တို့၏ ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်**

အဘူဒါဘီ
ဘန်ကောက
ပီကင်း
ချွန်း
ချန်နိုင်း
ချုံကင်
ဒါလီယန်
ဒိုဟာ
ဒူဘိုင်း
ဖရန့်ဖွတ်
ဂေါင်ဇူ
ဟန်ချိုင်း
ဟိုချီမင်း
အစ္စတန်ဘူ
ဂျကာတာ
ဂျတ္တတ်
ဂျိုဟန်နစ္စဘတ်
ကွာလာလန်ပူ
လန်ဒန်
လော့စ်အင်ဂျလိစ်
မက္ကဆီကို စီတီ
မော်စကို
မွန်ဘိုင်း
နယူးဒေလီ
နယူးယော့ခ်
ကွင်ဒါအို
ရိယတ်
စောပေါ်လို
ဆိုးလ်
ရှန်ဟိုင်း
ဆူရဘာယ
ဆစ်ဒနီ
တိုက်ပေ
တိုကျို
ဝူယန်
ရှီယန်
ရန်ကုန်

V1/Mar 2012

ဤလက်ကမ်းစာစောင်ကို
ပြန်လည်သန့်စင်သည့်စက္ကူပေါ်တွင် ပဲပုပ်မင်ကို
အသုံးပြု၍ ရိုက်နှိပ်သည်။

**International Enterprise Singapore**
230 Victoria Street #10-00
Bugis Junction Office Tower
Singapore 188024

1800-IESPORE (1800-4377673) local toll-free
**T** +65 6337 6628
**F** +65 6337 6898
**www.iesingapore.com**

Driving Singapore's External Economy